# တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ

**(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၄။)**

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**

**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

## အခန်း (၁)

## အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးနှင့်လည်းကောင်း၊ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သော နိုင်ငံသားနှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်စဉ် နိုင်ငံသားနှင့် ထိမ်းမြားသော နိုင်ငံခြားသား နှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော  အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရ မည်-

(က) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာ နိုင်ငံသားကိုဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင် သည်။

(ခ) **မြန်မာနိုင်ငံတွင် နေထိုင်သူ** ဆိုသည်မှာ မြန်မာနိုင်ငံတွင်အမြဲဖြစ်စေ၊ ယာယီဖြစ်စေနေထိုင်သူကိုဆို သည်။

(ဂ) **ယောကျ်ား** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေလူယောကျ်ားကိုဆိုသည်။

(ဃ) **မိန်းမ** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေနှင့်အညီ ထိမ်းမြားကြသော လင်နှင့်မယားတို့ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိစွာဖြင့် သာယာ ချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊

(ခ) တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ တရားမဝင်မယားအဖြစ် ရောက်ရှိခြင်းမှ ကာကွယ်ရန်၊

(ဂ) အိမ်ထောင်ဘက်တစ်ဦးထက်ပို၍ ယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်၊

(ဃ) အမျိုးသား၊ အမျိုးသမီးများ၏ ကိုယ်ကျင့်တရားပိုမိုထိန်းသိမ်းနိုင်ကြစေရန်။

## အခန်း (၃)

## တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်း

၅။ မည်သည့်ယောကျ်ားနှင့် မိန်းမမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်ထိမ်းမြား ခြင်းပြုနိုင်သည်။

၆။ ဤဥပဒေ အာဏာတည်ပြီးနောက် ယောကျ်ားနှင့် မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မ ယားစနစ် ကျင့်သုံးခြင်းသာလျှင် တရားဝင်အတည်ဖြစ်သည်။

၇။ မြန်မာဗုဒ္ဓဘာသာဝင်အချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့် ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၈။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေနှင့်ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၉။ ဗုဒ္ဓဘာသာဝင်မဟုတ်သူအချင်းချင်း ယင်းတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် အညီ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့အတည်ဖြစ်သည်။

## အခန်း (၄)

## တားမြစ်ချက်များ

၁၀။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့် မယားတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့် ယောကျ်ား သို့မဟုတ် မိန်းမသည် အဆိုပါထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြားသူတစ်ဦး နှင့် ထပ်မံထိမ်းမြားခြင်းမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင် ပေါင်းသင်းခြင်းမပြုရ။

၁၁။ ယောကျ်ား သို့မဟုတ် မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ထိမ်းမြားခဲ့ဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ခိုင်မာသည့် အထောက်အထား တင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့် ထပ်မံ၍ထိမ်းမြားနိုင်သည်။

၁၂။ မည်သူမျှ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံ၍ ထိမ်းမြားမှုမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင် ပေါင်းသင်းခြင်း မပြုရ။

## အခန်း (၅)

## ပြစ်ဒဏ်များ



Myanmar Law Information System (MLIS)

၁၃။ မည်သူမဆို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားသည် အခြားသူနှင့်ထပ်မံ၍ ထိမ်းမြားလျှင် ဤဥပဒေအရ အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခြင်းဖြစ်၍ ကျန်သည့် မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၄ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်း နှင့် စပ်လျဉ်း၍ ၎င်း၏ အခွင့်အရေးများဆုံးရှုံးခြင်းခံရမည်။

၁၆။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက တရားမဝင်ထိမ်းမြားခြင်းဖြစ်သဖြင့် နောက်မိန်းမသည် ထိုယောကျ်ား၏ အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမယူသည့် ယောကျ်ားသည်လည်း ပထမမိန်းမနှင့် နောက်မိန်းမ တို့၏ အမွေကိုဆက်ခံခွင့်မရှိစေရ။

၁၇။ မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရ ဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါ ထိမ်းမြားမှု အတည်ဖြစ် နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင် သည်။

## အခန်း (၆)

## အထွေထွေ

၁၈။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြား ပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါ ထိမ်းမြားမှု  အတည်ဖြစ်နေစဉ် ယင်း ထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးကို ထပ်မံထိမ်းမြားပါက နစ်နာသူ သည် တရားမကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၁၉။ ဤဥပဒေ အာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာအရ ဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့် ထိမ်းမြားခြင်းကို ဤဥပဒေက မထိခိုက် စေရ။

၂၀။ တရားမဝင်ထိမ်းမြားလက်ထပ်ခြင်း သို့မဟုတ် ထိမ်ချန်ထိမ်းမြားလက်ထပ်ခြင်းကြောင့် ရရှိလာ သောသား၊ သမီးများသည် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဆုံးရှုံးခြင်းမရှိစေရ။

၂၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

Myanmar Law Information System (MLIS)

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)